# Working Connections Child Care (အလုပ်လုပ်နေသော မိသားစုများအတွက် ကလေးစောင့်ရှောက် ရေးဆိုင်ရာ ချိတ်ဆက်မှုများ)



Working Connections Child Care (WCCC၊ အလုပ်လုပ်နေသောမိသားစုများအတွက် ကလေးစောင့်ရှောက်ရေးဆိုင်ရာ ချိတ်ဆက်မှုများ) သည် သတ်မှတ်ချက်ပြည့်မီသော မိသားစုများအား ကလေးစောင့်ရှောက်ရေးအတွက် ကူညီငွေပေးချေပါသည်။ မိသားစုတစ်စုက ကလေးစောင့်ရှောက်ရေး ထောက်ပံ့ကြေး အကျိုးခံစားခွင့်များအတွက် အရည်အချင်းပြည့်မီပြီး အကျုံးဝင်သော ကလေးပြုစုစောင့်ရှောက်သူတစ်ဦးကို ရွေးချယ်ပါက ပြည်နယ်သည် ကလေးစောင့်ရှောက်ရေး၏ ကုန်ကျစရိတ် တစ်စိတ်တစ်ပိုင်းကို ပေးချေသည်။ မိဘများက လစဉ် သူတို့၏ ကလေးပြုစုစောင့်ရှောက်သူအတွက် စရိတ်မျှခံငွေ ပေးဆောင်ရန် တာဝန်ရှိနိုင်သည်။

## *ကလေးစောင့်ရှောက်ရေး ထောက်ပံ့ကြေး အကျိုးခံစားခွင့်များအတွက်*
## အခြေခံ သတ်မှတ်ချက်ပြည့်မီမှု လိုအပ်ချက်များ

- ကလေးနှင့်အတူနေသည့် မိသားစုသည် Washington ပြည်နယ်တွင် နေထိုင်ရမည်
- လျှောက်ထားချိန်တွင် မိသားစု၏ဝင်ငွေသည် State Median Income (SMI၊ ပြည်နယ်က သတ်မှတ်ထားသော ပျမ်းမျှဝင်ငွေ) ၏ 60% နှင့်အောက် သို့မဟုတ် ပြန်လည်လျှောက်ထားချိန်တွင် SMI 65% နှင့်အောက် ရှိရမည်
- မိသားစုတွင် $1 သန်းအောက် ပိုင်ဆိုင်မှုအရင်းအမြစ်များ ရှိရမည်
- အောက်ပါတို့အပါအဝင် အချို့သော လုပ်ရှားမှုများအတွက် မိသားစုများကို ထပ်တိုးသတ်မှတ်ချက်ပြည့်မီမှုဖြင့် ခွင့်ပြုနိုင်သည်-
  - လိုင်စင်ရ ကလေးစောင့်ရှောက်ရေးဂေဟာ၊ ကလေးစောင့်ရှောက်ရေးစင်တာ၊ Early Childhood Education and Assistance Program (ငယ်စဉ်ကလေးဘဝ ပညာရေးနှင့် ကူညီစောင့်ရှောက်ရေး ပရိုဂရမ်, ECEAP) သို့မဟုတ် သင်ယူလေ့လာမှုဆိုင်ရာ ပျိုးထောင်မှု ပရိုဂရမ်တွင် အလုပ်လုပ်ခြင်း
  - မွေးကင်းစမှ သုံးနှစ်အရွယ် Early Childhood Education and Assistance Program (ငယ်စဉ်ကလေးဘဝ ပညာရေးနှင့် ကူညီစောင့်ရှောက်ရေး ပရိုဂရမ်, ECEAP) သို့မဟုတ် အစောပိုင်း သင်ယူလေ့လာမှုဆိုင်ရာ ပျိုးထောင်မှု ပရိုဂရမ် တစ်ခုခုတွင် ကလေးအား စာရင်းသွင်းအပ်နှံထားခြင်း
  - ပြည်နယ်အသိအမှတ်ပြု အလုပ်သင် ပရိုဂရမ်၏ ပထမ 12 လအတွင်း ပါဝင်ဆောင်ရွက်ခြင်း
- ကလေးစောင့်ရှောက်ရေး ထောက်ပံ့ကြေးသည် မိဘဖြစ်သူက သို့မဟုတ် မိဘနှစ်ဦးရှိသောအိမ်ထောင်စုတွင် မိဘများက ခွင့်ပြုထားသောလှုပ်ရှားမှုတစ်ခုတွင် ပါဝင်လုပ်ဆောင်နေစဉ် ကလေးစောင့်ရှောက်ရေးအတွက် ကူညီပေးချေသည်။ ခွင့်ပြုထားသော လှုပ်ရှားမှုများတွင် အောက်ပါတို့ ပါဝင်သည်-
  - တရားဝင်သော၊ ဝင်ငွေရရှိသော၊ အခွန်ဆောင်ရသော လှုပ်ရှားမှုများတွင် အလုပ်လုပ်နေခြင်း သို့မဟုတ် ကိုယ်ပိုင်အလုပ်လုပ်ခြင်း
  - မိဘများ၏ WorkFirst သို့မဟုတ် BFET အစီအစဉ်အောက်တွင် ခွင့်ပြုထားသော လှုပ်ရှားမှုများ
  - ပညာရေးလှုပ်ရှားမှုများတွင် အောက်ပါတို့ပါဝင်သည်-
    - အသက် 21 နှစ်နှင့်အောက် မိဘများအတွက် အထက်တန်းကျောင်းအောင်လက်မှတ် သို့မဟုတ် အထက်တန်းကျောင်းအဆင့်နှင့်ညီမျှသော အသိအမှတ်ပြုလက်မှတ်ပေးသည့် ပရိုဂရမ်များ
    - ကွန်မြူနတီကောလိပ်၊ နည်းပညာကောလိပ် သို့မဟုတ် လူမျိုးစုကျောင်းသားကောလိပ်ကို အချိန်ပြည့်တက်ရောက်ပြီး တွဲဖက်ဘွဲ့ဒီဂရီ သို့မဟုတ် အသက်မွေးဘွဲ့ဒီဂရီတစ်ခု ရယူခြင်း
    - ကွန်မြူနတီကောလိပ်၊ နည်းပညာကောလိပ် သို့မဟုတ် လူမျိုးစုကျောင်းသားကောလိပ်ကို အချိန်ပိုင်းတက်ရောက်ပြီး တွဲဖက်ဘွဲ့ဒီဂရီ သို့မဟုတ် အသက်မွေးဘွဲ့ဒီဂရီတစ်ခု ရယူခြင်းနှင့် တစ်ပတ်လျှင် နာရီ 20 အလုပ်လုပ်ခြင်း
- အိမ်ခြေရာမဲ့ဖြစ်နေသော မိသားစုများအား အိမ်ခြေရာမဲ့ဖြစ်ခြင်းနှင့်ပတ်သက်သော ပြဿနာများကို ကူညီဖြေရှင်းရန် 12 လအထိ ခွင့်ပြုနိုင်သည်

*DCYF သည် လူမျိုး၊ အသားအရောင်၊ ကျား၊မ၊ ကိုးကွယ်ယုံကြည်မှု၊ ဘာသာအယူဝါဒ၊ အိမ်ထောင်ရှိမရှိ၊ နိုင်ငံဇာတိ၊ နိုင်ငံသားဖြစ်မှု သို့မဟုတ် ရွှေ့ပြောင်းနေထိုင်မှု အခြေအနေ၊ အသက်၊ လိင်စိတ်တိမ်းညွှတ်မှု သို့မဟုတ် လိင်စိတ်ခံယူချက်၊ စစ်မှုထမ်းဟောင်းဖြစ်ခြင်း သို့မဟုတ် စစ်မှုထမ်းခြင်း အခြေအနေ၊ နို့တိုက်မိခင်ဖြစ်ခြင်း၊ ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံစားမှုပိုင်းဆိုင်ရာ၊ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းချက်ရှိနေခြင်း သို့မဟုတ် လမ်းပြခွေး သို့မဟုတ် အကူအညီပေးသည့်တိရစ္ဆာန်ကို အသုံးပြုခြင်းတို့ မည်သို့ပင်ရှိစေကာမူ လူတိုင်းကို ခွဲခြားဆက်ဆံခြင်းမပြုဘဲ ၎င်း၏ ပရိုဂရမ်များနှင့် ဝန်ဆောင်မှုများကို တန်းတူအသုံးပြုခွင့်ပေးပါသည်။ သင်သည် ဤစာစောင်၏ အခမဲ့မိတ္တူများကို အခြားပုံစံ သို့မဟုတ် ဘာသာစကားဖြင့် ရယူလိုပါက DCYF ကလေးသူငယ်ရေးရာ ဆက်ဆံရေးရုံး၊ ဖုန်းနံပါတ် 1-800-723-4831 သို့ ဆက်သွယ်ပါ သို့မဟုတ် communications@dcyf.wa.gov သို့ အီးမေးလ်ပို့ပါ။*

DCYF PUBLICATION EPS_0075 BS (10-2024) Burmese

Washington State Department of
CHILDREN, YOUTH & FAMILIES

## ဝင်ငွေ သတ်မှတ်ချက်ပြည့်မီမှု

အများဆုံး အိမ်ထောင်စုဝင်ငွေသည် State Median Income (SMI၊ ပြည်နယ်က သတ်မှတ်ထားသော ပျမ်းမျှဝင်ငွေ) ၏ 60% ဖြစ်သည်။ အိမ်ထောင်စုဝင် အရေအတွက်အလိုက် အများဆုံး လစဉ်ဝင်ငွေကန့်သတ်ချက်ကို အောက်တွင် ဖော်ပြထားသည်-

| မိသားစုဝင် အရေအတွက် | ပြည်နယ်က သတ်မှတ်ထားသော ပျမ်းမျှဝင်ငွေ၏ 0 နှင့် 20% အကြား<br>*စရိတ်မျှခံငွေ မရှိပါ* | ပြည်နယ်က သတ်မှတ်ထားသော ပျမ်းမျှဝင်ငွေ၏ 20% နှင့် 36% အကြား<br>*စရိတ်မျှခံငွေ $65* | ပြည်နယ်က သတ်မှတ်ထားသော ပျမ်းမျှဝင်ငွေ၏ 36% နှင့် 50% အကြား<br>*စရိတ်မျှခံငွေ $90* | ပြည်နယ်က သတ်မှတ်ထားသော ပျမ်းမျှဝင်ငွေ၏ 50% နှင့် 60% အကြား<br>*စရိတ်မျှခံငွေ $165* | ပြည်နယ်က သတ်မှတ်ထားသော ပျမ်းမျှဝင်ငွေ၏ 60% နှင့် 65% အကြား *<br>*စရိတ်မျှခံငွေ $215* | ပြည်နယ်က သတ်မှတ်ထားသော ပျမ်းမျှဝင်ငွေ၏ 85% အထက်**<br>*ဝင်ငွေကန့်သတ်ချက်* |
|---|---|---|---|---|---|---|
| 1 | $0-$1,135 | $1,136-$2,044 | $2,045-$2,839 | $2,840-$3,407 | $3,408-$3,691 | $4,827 |
| 2 | $0-$1,485 | $1,486-$2,673 | $2,674-$3,713 | $3,714-$4,455 | $4,456-$4,827 | $6,312 |
| 3 | $0-$1,834 | $1,835-$3,302 | $3,303-$4,586 | $4587-$5504 | $5,505-$5,962 | $7,797 |
| 4 | $0-$2,184 | $2,185-$3,931 | $3,932-$5,460 | $5461-$6552 | $6,553-$7,098 | $9282 |
| 5 | $0-$2,533 | $2,534-$4,560 | $4,561-$6,334 | $6,335-$7,601 | $7,602-$8,234 | $10,768 |
| 6 | $0-$2,883 | $2,884-$5,189 | $5,190-$7,207 | $7,208-$8,649 | $8,650-$9,370 | $12,253 |
| 7 | $0-$2,948 | $2,949-$5,307 | $5,308-$7,371 | $7,372-$8,846 | $8,847-$9,583 | $12,532 |
| 8 | $0-$3,014 | $3,015-$5,425 | $5,426-$7,535 | $7,536-$9,042 | $9,043-$9,796 | $12,810 |
| 9 | $0-$3,079 | $3,080- $5,543 | $5,544-$7,699 | $7,700-$9,239 | $9,240-$10,009 | $13,089 |
| 10 | $0-$3,145 | $3,146- $5,661 | $5,662 -$7,863 | $7,864-$9,435 | $9,436-$10,222 | $13,367 |

*အလုပ်လက်မဲ့ဖြစ်သည့် ကြားကာလမရှိဘဲ ကလေးစောင့်ရှောက်ရေး ထောက်ပံ့ကြေးအတွက် ပြန်လည်လျှောက်ထားသော မိသားစုများသည် ပြည်နယ်က သတ်မှတ်ထားသော ပျမ်းမျှဝင်ငွေ၏ 65% အထိ ဝင်ငွေရှိပြီး စရိတ်မျှခံငွေ $215 ပေးဆောင်လျှင် သတ်မှတ်ချက်ပြည့်မီနိုင်သည်။

** ခွင့်ပြုထားသည့် သတ်မှတ်ချက်ပြည့်မီမှု ကာလအတွင်း ကလေးစောင့်ရှောက်ရေး ထောက်ပံ့ကြေးအတွက် အများဆုံးလစဉ်ဝင်ငွေ။

သင့်မိသားစုက WCCC အတွက် သတ်မှတ်ချက်ပြည့်မီနိုင်၊ မပြည့်မီနိုင်ကို ဆုံးဖြတ်ရန်နှင့် သင်၏ ခန့်မှန်းခြေစရိတ်မျှခံငွေကို တွက်ချက်ရန်အတွက် အထက်ပါဇယားကို အသုံးပြုပါ။ ဥပမာ- သင့်အိမ်ထောင်စုတွင် သင်၊ သင့်အိမ်ထောင်ဖက်နှင့် ကလေးနှစ်ဦး ပါဝင်လျှင် သင့်အိမ်ထောင်စုဝင် အရေအတွက်မှာ လေးဦးဖြစ်သည်။ သင့်ဝင်ငွေက $4,100 ဖြစ်ပါက သင်၏ စရိတ်မျှခံငွေသည် တစ်လလျှင် $90 ဖြစ်ပါမည်။

- စရိတ်မျှခံငွေ တွက်ချက်မှုဇယား - 2024 ခုနှစ်၊ အောက်တိုဘာလ 1 ရက်နေ့တွင် စတင်အကျုံးဝင်သည်-**www.dcyf.wa.gov/sites/default/files/pdf/copay_calculation_table.pdf**

## လျှောက်လွှာတင်ခြင်း လုပ်ငန်းစဉ်

မိဘအနေဖြင့် WCCC လျှောက်လွှာတင်ခြင်းနှင့် အတည်ပြုခြင်း လုပ်ငန်းစဉ်ကို ပြီးစီးအောင် လုပ်ဆောင်ရပါမည်။

- မိသားစုများသည် ကလေးစောင့်ရှောက်ရေး ထောက်ပံ့ကြေးဆိုင်ရာ ဆက်သွယ်ရန်ဌာန၊ ဖုန်းနံပါတ် 1-844-626-8687 သို့ ဆက်သွယ်၍ဖြစ်စေ၊ **www.WashingtonConnection.org** တွင် အွန်လိုင်းမှတစ်ဆင့်ဖြစ်စေ လျှောက်ထားနိုင်ပါသည်။
- DCYF အနေဖြင့် မိသားစု၏ သတ်မှတ်ချက်ပြည့်မီမှုကို ဆုံးဖြတ်ရန်အတွက် အချက်အလက်များကို စုစည်းရယူ၍ ပြန်လည်သုံးသပ်ခြင်း ဆောင်ရွက်ပါမည်။
- မိသားစုများအနေဖြင့် ကလေးပြုစုစောင့်ရှောက်သူ၏ အမည်နှင့် ဖုန်းနံပါတ်ကို DCYF သို့ ပေးပို့ရန် လိုအပ်ပါမည်။ ကလေးစောင့်ရှောက်ရေး ထောက်ပံ့ကြေးကို မလျှောက်ထားမီ သင့်တွင် ကလေးပြုစုစောင့်ရှောက်သူတစ်ဦး မဖြစ်မနေရှိထားရန် မလိုအပ်ပါ။

## မေးမြန်းလိုသည်များ ရှိပါသလား။

စရိတ်မျှခံငွေနှင့်ပတ်သက်ပြီး မေးမြန်းလိုသည်များရှိသော မိသားစုများ သို့မဟုတ် မိဘများအနေဖြင့် **DCYF ကလေးစောင့်ရှောက်ရေး ဆက်သွယ်ရန်ဌာန၊** ဖုန်းနံပါတ် **1-844-626-8687** သို့ ဖုန်းခေါ်ဆိုနိုင်ပါသည်။

WCCC သတ်မှတ်ချက်ပြည့်မီမှုနှင့်ပတ်သက်သော နောက်ထပ်အချက်အလက်များကို **www.dcyf.wa.gov/services/earlylearning-childcare/getting-help/wccc** တွင် အွန်လိုင်းမှတစ်ဆင့် ရှာဖွေကြည့်ရှုနိုင်သည်။

ကလေးပြုစုစောင့်ရှောက်ပေးသူကို ရှာဖွေရန် အကူအညီလိုအပ်ပါက WA မိသားစုစင်တာ၏ CCA ထံသို့ 1-800-446-1114 ဖြင့် ဖုန်းခေါ်ဆိုပါ။